ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ မြန်မာအစိုးရအနေဖြင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဟု အာဆီယံဒေသတွင်းမှ လွှတ်တော်အမတ်များကပြောကြား

ဂျကာတာ၊ ဇူလိုင်လ ၁၁ ရက်၊ ၂၀၁၆ ခုနှစ်။ မကြာသေးမီက ဖြစ်ပွားခဲ့သည့် မြန်မာနိုင်ငံအတွင်းရှိဗလီများအား နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်မှုကြောင့် မွတ်စလင်ဆန့်ကျင်ရေး ဝါဒနှင့် အမုန်းစကားဖြန့်ပွားမှုများနှင့်စပ်လျဉ်း၍ မြန်မာအစိုးရ၏ ဟန့်တားဆောင်ရွက်မှုများအပေါ် မေးခွန်းထုတ်လာကြကြောင်း ASEAN Parliamentarians for Human Rights (APHR) အဖွဲ့က ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါအမှုများအား နှံ့စပ်စွာစစ်ဆေး၍ အမှုကျူးလွန်သူများအားတရားမျှတစွာဆောင်ရွက်ရန် အတွက်လည်း မြန်မာနိုင်ငံရှိ အာဏာပိုင်များအား ဒေသအတွင်းရှိဥပဒေပြုသူများက စုပေါင်း၍တောင်းဆိုခဲ့ကြသည်။

"မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုတွေနဲ့ လှုံ့ဆော်မှုတွေကိုသည်းမခံနိုင်ဘူးဆိုတာ မြန်မာအစိုး ရအနေနဲ့ ရှင်းရှင်းလင်းလင်း ပြသဖို့လိုပါတယ်။ အဲဒီ တိုက်ခိုက်မှုတွေကို ပြည့်ပြည့်စုံစုံစစ်ဆေးဖို့နဲ ့ပါ ဝင်တဲ့သူတွေကို တရားမျှတစွာကိုင်တွယ်ဆောင်ရွက်ဖို့ အာဏာပို င်တွေမှာ တာ ဝန်ရှိပါတယ်။ အဲဒီ လိုဆောင်ရွက်မှုမရှိဘူးဆိုရင် အားနည်းတဲ့ လူနည်းစုအသိုက်အဝန်းကို ကာကွယ်ဖို့ပျက်ယွင်းတယ်လို့ပဲမှတ်ယူရမှာဖြစ်ပါတယ်။" ဟု APHR အဖွဲ့၏ဥက္ကဋ္ဌဖြစ်ပြီး မလေးရှားနိုင်ငံလွှတ်တော်အမတ်ဖြစ်သူ Charles Santiago က ပြောကြားခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့၌ ကချင်ပြည်နယ်၊ ဖားကန့်မြို့တွင် လူဦးရေတစ်ရာခန့်ရှိလူအုပ်စုတစ်စုသည် တုတ်များ၊ ဓါးများနှင့် အခြားလက်နက်ကိရိယာများကိုင်ဆောင်ကာ မွတ်စလင်ဗလီတစ်လုံးအားဖျက်ဆီးမီးရှို့ခဲ့ကြသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် လုံခြုံရေးစိုးရိမ်ရသဖြင့်ဒေသခံမွတ်စလင်များသည် ၎င်းတို့၏ရွာအားစွန့်ခွာခဲ့ကြရသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဖမ်းဆီးမှုတစ်စုံတစ်ရာမျှ မပြုလုပ်ရသေးပေ။

အဆိုပါတိုက်ခိုက်မှုဖြစ်ပွားမှုမတိုင်မီ ဇွန်လ ၂၃ ရက်နေ့တွင် အလားတူတိုက်ခိုက်မှုတစ်ခုလည်း ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့တွင် ဖြစ်ပွားခဲ့ပါသည်။ ထိုဒေသတွင် ဗလီ တစ်လုံးနှင့် မွတ်စလင်သု သာန်တစ်ခုသို့ လူအုပ်စုတစ်စုက ဝင်ရောက်ဖျက်ဆီးခဲ့သဖြင့် ဒေသခံမွတ်စလင်များမှာအနီးအနားရှိ ရွာသို့ သွားရောက်ခိုလှုံခဲ့ရသည်။ ထိုသို့ဖြစ်ပွားပြီး တစ်ပါတ်အတွင်း

တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖြစ်သူ ဦးဝင်းသိန်းက အဆိုပါတိုက်ခိုက်သူများအား ဥပဒေကြောင်းအရ ဆောင်ရွက်ရန် မရှိကြောင်းကြေညာခဲ့သည်။

"ပဲခူးတိုင်းက တိုက်ခိုက်သူတွေနဲ့စပ်လျဉ်းပြီး သင့်တော်တဲ့အရေးယူဆောင်ရွက်မှုမရှိတာဟာ အစိုးရအဖွဲ့က ဆောင်ရွက်မယ်လို့ သံမိဌာန်ချမှတ်ထားတဲ့ တရားဥပဒေစိုးမိုးရေးကိုအနှောင့်အယှက်ဖြစ်စေပြီးတော့ တိုက်ခိုက်သူတွေကို လွှတ်ပေးလိုက်သလိုဖြစ်ပြီး အဲဒါက မြန်မာနိုင်ငံရဲ့ စနစ်အကူးအပြောင်းကို ခြိမ်းခြောက်နိုင်ပါတယ် "ဟု Santiago က ပြောကြားခဲ့သည်။

"အဲဒီတိုက်ခိုက်မှုတွေအပေါ်မှာသေချာစွာစုံစမ်းစစ်ဆေးမှု မပြုလုပ်ဘူးဆိုရင် အဲ့ဒီတိုက်ခိုက်မှုတွေကို နိုင်ငံတော်က ထိရောက်စွာကူညီပံ့ပိုးနေသလိုပါပဲ။ အဲ့ဒီလိုပြုလုပ်ခြင်းအားဖြင့် တိုက်ခိုက်မှုတွေပိုမိုဖြစ်ပွား လာနိုင်ပါတယ်။" ဟု APHR အဖွဲ့၏ဒုတိယဥက္ကဋ္ဌဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၏ လွှတ်တော်အမတ်ဖြစ်သူ Eva KusumaSundari က ပြောကြားခဲ့ပါသည်။

ပြီးခဲ့သည့်ကာလအတွင်းဖြစ်ပွားခဲ့သောတိုက်ခိုက်မှုများအပေါ် အစိုးရ၏တုံ့ပြန်မှုသည် နိုင်ငံတကာအသိုက်အ ဝန်းအတွက်လည်း အိပ်ပျော်နေရာမှနှိုးပေးလိုက်သည့်သဖွယ်ဖြစ်သင့်ကြောင်း လွှတ်တော်အမတ်များက ပြောကြားခဲ့သည်။

"ရခိုင်ပြည်နယ်ကကိစ္စတွေ၊ ရိုဟင်ဂျာတွေနဲ့ တခြားမွတ်စလင်အသိုက်အ ဝန်းတွေ ဖိနှိပ်ခံနေရတာနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့အစိုးရအဖွဲ့က 'ကျွန်မတို့ကိုယုံသာယုံလိုက်ပါ' လို့ပဲ နိုင်ငံတကာအသိုက်အဝန်းကိုပြောနေတယ်။ အဲ့ဒီယုံကြည်မှုကိုရဖို့အစိုးရအနေနဲ့ကြိုးစားရဦးမှာဖြစ်တယ်ဆိုတာ အခုဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုတွေကသက်သေတွေပါပဲ "ဟု Charles Santiago က ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်ရှိရိုဟင်ဂျာမွတ်စလင်များသည် အစိုးရအာဏာပိုင်များ၏လက်တွင်း၌ စနစ်တကျဖြင့် ဖိနှိပ်ဆက်ဆံခံနေရ ပြီး ဗုဒ္ဓဘာသာအမျိုးသားရေးအုပ်စုများနှင့် အချို့သောအစိုးရအရာရှိများ၏ အမုန်းစကားဖြန့်ပွားမှုများ၏ အဓိကပစ်မှတ်အဖြစ်လည်း ခံစားနေရသည်။

အမုန်းစကားနှင့် အကြမ်း ဖက်ရန် တိုက်တွန်းလှုံ့ဆော်မှုများဖြန့်ပွားခြင်းများကို တိုက်ဖျက်ရန်အတွက် မြန်မာအစိုးရအနေဖြင့် ခိုင်မာသည့်ခြေလှမ်းများဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း APHR က နှိုးဆော်ထားပါသည်။ ဘာသာရေးနှင့် အမျိုးသားရေးသမားများဖြန့်ဖြူးနေသည့် မနစ်မြို့ ဖွယ်ရာမွတ်စလင်ဆန့်ကျင်ရေးလှုံ့ဆော်မှုများ မြင့်တက်လာခြင်းကြောင့် ယခုလိုတိုက်ခိုက်မှုများအားပုံမှန်ဖြစ်နေကြကိစ္စတစ်ခုအဖြစ် ရှုမြင်လာကြမည်ကိုလည်းအဆိုပါလွှတ်တော်အမတ်များက သတိပေးခဲ့သည်။

"နိုင်ငံတစ်ဝှမ်းလုံးမှာ မြင့်တက်လာနေတဲ့ မွတ်စလင်ဆန့်ကျင်ရေးစိတ်ဓာတ်တွေနဲ့ပတ်သက်ပြီးအစိုးရအနေနဲ့ ပိုမိုကြိုးစား ဖြေရှင်းဖို့လိုအပ်လာတာကို ဒီတိုက်ခိုက်မှုတွေကပုံဖော်ပြပါတယ်။ နောက်ဆုံးဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုတွေက သူ့ချည်း

သက်သက်ဖြစ်ပွားခဲ့တာမဟုတ်ပါဘူး။ မဘသလိုအဖွဲ့မျိုးတွေက ဖြန့်ဖြူးခဲ့တဲ့ အမုန်းစကားတွေကြောင့် ဖြစ်ပွားရတဲ့ တိုက်ခိုက်မှုများရဲ့နောက်ဆက်တွဲများသာဖြစ်ပါတယ်။" ဟု အမျိုးဘာသာကာကွယ်ရေးအတွက် ဗုဒ္ဓဘာသာဘုန်းကြီးများ ဦးဆောင်ဖွဲ့စည်းထားသောအဖွဲ့အစည်းနှင့်စပ်လျဉ်းပြီး Eva Sundari က ပြောကြားခဲ့သည်။

"နိုင်ငံသားအားလုံးကိုကာကွယ်ဖို့က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် မြန်မာ အစိုးရရဲ့တာဝန်ဖြစ်ပါတယ်။ အဲဒီ‌ နေရာမှာအမုန်းစကားတွေ၊ ဘာသာရေးလှုံ့ဆော်မှုကြောင့် ဖြစ်ပွားတဲ့ အကြမ်းဖက်မှုတွေ ကို ပြတ်ပြတ်သားသားရှုံ့ချဖို့နဲ့ မြန် မာနိုင်ငံရှေးရှုနေတဲ့ ဒီမိုကရေစီ အသိုက်အဝန်းမှာ အစွန်းရောက်မှုတွေနဲ့ ဖယ်ကျဉ်ထားမှုတွေအတွက် နေရာမရှိဘူးဆိုတာ အလေးထားဖော်ပြဖို့လိုပါမယ်။"

ဘာသာရေးအရခွဲခြားဆက်ဆံမှုတွေနဲ့အကြမ်းဖက်မှုများမှာ အရှေ့တောင်အာရှဒေသအတွင်းတွင် ဖြစ်ပွားနေသော ပြဿနာများဖြစ်ပြီး အာဆီယံအဖွဲ့ဝင်အစိုးရများအနေဖြင့် အဆိုပါကိစ္စများအား ဒေသတွင်းအသိုက်အမြုံတစ်ခုအနေဖြင့် ပူးပေါင်းကိုင်တွယ်ဖြေရှင်းသင့်ကြောင်းလည်း လွှတ်တော်အမတ်များက ပြောကြားခဲ့ပါသည်။

"ဒေသတွင်းမှာအဆိုပါကိစ္စမျိုးတွေ မြင့်တက်လာမှုနဲ့ပတ်သက်ပြီး အာဆီယံအဖွဲ့အစည်းနဲ့အဖွဲ့ဝင်နိုင်ငံတွေက ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူနည်းစုအခွင့်အရေးတွေဟာ မသိနားမလည်ခြင်းနဲ့ ဂရုမစိုက်ခြင်းတို့ရဲ့ သားကောင်ဖြစ်တဲ့ ဝိဝါဒကွဲပြားခြင်းကို အလိုမရှိသူလူအုပ်စုတွေရဲ့ ခြိမ်းခြောက်ခြင်းကိုခံနေရပါတယ်။ " ဟု Sundari က ပြောကြားခဲ့သည်။